# (၆-၁၁-၂၀၂၀)မှ (၁၁-၁၁-၂၀၂၀)အထိ

# သကြားပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ(White Sugar) တစ်တန်လျှင်(၁-၁၀-၂၀၂၀) ရက်နေ့တွင် အမေရိကန်ဒေါ်လာ (၃၇၅.၃၀) ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး (၁၀-၁၁-၂၀၂၀) ရက်နေ့တွင် သကြားဖြူ (WhiteSugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄၀၀.၃၅) ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 10-Nov-20 | 14.04 cts/lb | 13.92 cts/lb | 400.35 $/T | 18.16 cts/lb |
| 9-Nov-20 | 14.15 cts/lb | 13.91 cts/lb | 401.70 $/T | 18.22 cts/lb |
| 6-Nov-20 | 14.16 cts/lb | 13.90 cts/lb | 401.85 $/T | 18.23 cts/lb |
| 5-Nov-20 | 13.71 cts/lb | 13.89 cts/lb | 391.95 $/T | 17.78 cts/lb |
| 4-Nov-20 | 13.79 cts/lb | 13.90 cts/lb | 393.20 $/T | 17.84 cts/lb |
| 3-Nov-20 | 13.80 cts/lb | 13.89 cts/lb | 397.75 $/T | 18.04 cts/lb |
| 2-Nov-20 | 14.01 cts/lb | 13.87 cts/lb | 402.45 $/T | 18.25 cts/lb |
| 30-Oct-20 | 13.52 cts/lb | 13.83 cts/lb | 390.80 $/T | 17.73 cts/lb |
| 29-Oct-20 | 13.59 cts/lb | 13.85 cts/lb | 388.75 $/T | 17.63 cts/lb |
| 28-Oct-20 | 13.99 cts/lb | 13.86 cts/lb | 398.40 $/T | 18.07 cts/lb |
| 27-Oct-20 | 14.00 cts/lb | 13.84 cts/lb | 399.20 $/T | 18.11 cts/lb |
| 26-Oct-20 | 14.05 cts/lb | 13.81 cts/lb | 398.05 $/T | 18.06 cts/lb |
| 23-Oct-20 | 14.05 cts/lb | 13.76 cts/lb | 397.00 $/T | 18.01 cts/lb |
| 22-Oct-20 | 14.13 cts/lb | 13.71 cts/lb | 400.05 $/T | 18.15 cts/lb |
| 21-Oct-20 | 13.90 cts/lb | 13.65 cts/lb | 394.05 $/T | 17.87 cts/lb |
| 20-Oct-20 | 13.94 cts/lb | 13.61 cts/lb | 396.95 $/T | 18.01 cts/lb |
| 19-Oct-20 | 14.06 cts/lb | 13.56 cts/lb | 402.25 $/T | 18.25 cts/lb |
| 16-Oct-20 | 13.83 cts/lb | 13.48 cts/lb | 395.35 $/T | 17.93 cts/lb |
| 15-Oct-20 | 13.69 cts/lb | 13.44 cts/lb | 388.30 $/T | 17.61 cts/lb |
| 14-Oct-20 | 13.68 cts/lb | 13.40 cts/lb | 387.80 $/T | 17.59 cts/lb |
| 13-Oct-20 | 13.60 cts/lb | 13.36 cts/lb | 386.95 $/T | 17.55 cts/lb |
| 12-Oct-20 | 13.44 cts/lb | 13.33 cts/lb | 382.65 $/T | 17.36 cts/lb |
| 9-Oct-20 | 13.76 cts/lb | 13.30 cts/lb | 386.25 $/T | 17.52 cts/lb |
| 8-Oct-20 | 13.76 cts/lb | 13.25 cts/lb | 386.75 $/T | 17.54 cts/lb |
| 7-Oct-20 | 13.74 cts/lb | 13.20 cts/lb | 384.85 $/T | 17.46 cts/lb |
| 6-Oct-20 | 13.55 cts/lb | 13.13 cts/lb | 379.40 $/T | 17.21 cts/lb |
| 5-Oct-20 | 13.32 cts/lb | 13.06 cts/lb | 373.95 $/T | 16.96 cts/lb |
| 2-Oct-20 | 13.26 cts/lb | 12.98 cts/lb | 373.95 $/T | 16.96 cts/lb |
| 1-Oct-20 | 13.27 cts/lb | 12.92 cts/lb | 375.30 $/T | 17.02 cts/lb |

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ဒုတိယအပတ် တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြား ဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၄၉ ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန် နိုင်ငံတွင် တစ်တန်လျှင်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၉၈ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန် လျှင်ပျမ်းမျှ အမေရိကန်ဒေါ်လာ (၅၈၅-၆၁၉) ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၄၄၁-၅၀၇) ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်၊ ပါကစ္စတန်၊ အမေရိကန်နှင့် အိန္ဒိယနိုင်ငံများတွင် သကြားဈေးနှုန်းများ မြင့်တက်နေခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ဒုတိယအပတ်တွင် မြန်မာ-တရုတ် နယ်စပ် မူဆယ် ဒေသ၌ သကြား တစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၃၄၁ ဒေါ်လာရှိပြီး တရုတ် နိုင်ငံတွင် သကြား တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၄၉ ဒေါ်လာ ပေါက်ဈေးရှိသော ကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၅၀၈ ဒေါ်လာ ဈေးနှုန်းကွာဟချက် ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ်၊ မြဝတီမြို့တွင် သကြား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၈ ဝန်းကျင် ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၆ ဝန်းကျင်ခန့် ရှိကြောင်း လေ့လာ သိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် (၁၉၀၀) ကျပ်နှင့် ရန်ကုန်မြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ် နေပြီး ဘားအံမြို့နှင့်မကွေးမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀၊ နေပြည်တော် နှင့် ပျဉ်းမနားမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၀၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေ ကြောင်း တွေ့ရှိရပါသည်။

Trading Economics Website တွင်ဖော်ပြချက်အရ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ဒုတိယပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများသည် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် သုည ဒသမ ၈၂ ရာခိုင်နှုန်းဈေးနှုန်းကျဆင်းခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ **ကေသွယ်(တန့်ဆည်မြေ)**